ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်

အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၏ ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊
လှေကြီးတက်ကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးရှိ စက္ကူစက်ရုံ (သာပေါင်း)
မြေဧရိယာ (၁၄၀.၇၉) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်
သတင်းစာစက္ကူထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate–ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၈၆ ) ရက်စွဲ။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – ဦးဇော်မျိုးသန့်<br>လက်ထောက်စက်ရုံမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း<br>သတင်းစာစက္ကူစက်ရုံ(သာပေါင်း) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – သတင်းစာစက္ကူစက်ရုံ (သာပေါင်း)၊ လေ့ကြီးတက်ကျေးရွာအုပ်စု နှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးရှိ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး<br>09-250732001 |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – သတင်းစာစက္ကူထုတ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – စီမံကိန်းဧရိယာ (၁၄၀.၇၉) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – သတင်းစာစက္ကူစက်ရုံ(သာပေါင်း)၊ လေ့ကြီးတက်ကျေးရွာအုပ်စု နှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးရှိ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | – (၅)နှစ် |

စတင်ထုတ်ပေးရက် - ၆-၂-၂၀၂၃

သက်တမ်းကုန်ဆုံးရက် - ၅-၂-၂၀၂၈

(ဈ) အတည်ပြုအစီရင်ခံစာ - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆(နပဖ)၂၀၂၂/ ၅၆၉/၁၀၁၆

## စည်းကမ်းချက်များသတ်မှတ်ခြင်း

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၁၁.၆.၂၀၂၃

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

## သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ

၁။ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၏ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးတွင် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စီမံကိန်းအတွက် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆(နပဖ)၂၀၂၂/၅၆၉/၁၀၁၆ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဇော်မျိုးသန့်၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)၊ လေ့ကြီးတက် ကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး Mobile 09-250732001၊ email-tharpaungton60@gmail.com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် နိုင်ငံပိုင်စက်ရုံဖြစ်ပြီး စီမံကိန်း လုပ်ငန်းများကို (၆-၈-၂၀၀၈) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး (၃-၅-၂၀၁၇) မှ (၅-၅-၂၀၁၇) ရက်နေ့အထိ စမ်းသပ်လည်ပတ်ခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့မရရှိတော့သဖြင့် စီမံကိန်းအား (၁၃-၅-၂၀၁၇)ရက်နေ့တွင် ရပ်နားထားကြောင်း၊ ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် တရားဝင်ရယူထား သော သစ်ပွမျာကို ရယူအသုံးပြုကြောင်း၊ သစ်ပွကုန်ကြမ်းများကို သာပေါင်းမြို့နယ်နှင့် ပုသိမ် မြို့နယ်ရှိ သစ်တောကြိုးဝိုင်းများအတွင်း ငှားရမ်းစိုက်ပျိုးထားသော စက်မှုကုန်ကြမ်း သစ်တော စိုက်ခင်းများမှ လည်းကောင်း၊ စက်ရုံပိုင် သစ်တောစိုက်ခင်းများ စိုက်ပျိုး၍လည်းကောင်း ထုတ်ယူ သုံးစွဲကြောင်း၊ အရောင်ချွတ်ပြီးသား ဝါးဖျော့ဖတ်နှင့် အခြားဓာတုပစ္စည်းများကို ပေါင်းစပ်အသုံးပြု ကြောင်း၊ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့်ပျော့ဖတ်ထုတ်လုပ်ခြင်းနှင့် သတင်းစာစက္ကူထုတ်လုပ်ရေး ဌာနခွဲအနေဖြင့် ပျော့ဖတ်ပြုပြင်ခြင်း၊ စက္ကူပြုလုပ်ခြင်း၊ စက္ကူလိပ်ပြုလုပ်ခြင်းနှင့် ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်အား ရှင်းလင်းဖော်ပြထားပြီး ထုတ်လုပ်မှု အနေဖြင့် တစ်ရက်လျှင် (၄၈) တန်၊ တစ်လလျှင် ကုန်ချောထွက်ရှိမှုပမာဏ (၁၄၄၀) တန်နှင့် တစ်နှစ်လျှင် ကုန်ချောထွက်ရှိမှု ပမာဏ (၁၄၄၀၀) တန်ခန့် ထွက်ရှိကြောင်း၊ ကုန်ချောပစ္စည်းများ ကို နိုင်ငံပိုင်သတင်းစာများတွင် တင်ဒါခေါ်ယူ၍ ဖြန့်ဖြူးရောင်းချကြောင်း၊ ဝန်ထမ်းအင်အား အနေဖြင့် (၂၈၀) ဦးခန့်ဖြင့် လုပ်ငန်းအားဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** သစ်ပွ၊ အရောင်ချွတ်ပြီး ဝါးပျော့ဖတ်၊ Hydrogen Peroxide, Sodium Silicate, Caustic Soda, Diethylene Trianmine Penta Acetic Acid, VBL, Aluminium Sulphate, Filler, Starch, Bentonite, Dye(Purple), Dye (Blue), PAC, Trisodium Phosphate, PAM (Cation), PAM (Anion), NaHSO3, NaClO, NaCl တို့ဖြစ်ပါသည်။


၅။ **စီမံကိန်းတည်နေရာ။** ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ လေ့တက်ကြီးကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီး မြေဧရိယာ (၁၄၀.၇၉) ဧက မြောက်လတ္တီတွဒ် ၁၇° ၂၂' ၂၂.၈၂" အရှေ့လောင်ဂျီတွဒ် ၉၄° ၄၅' ၄၉.၄၀" တွင် တည်ရှိပါသည်။

# စီမံကိန်းစက်ရုံတည်နေရာနှင့် ပတ်ဝန်းကျင်ပြမြေပုံ




| မြေပုံအညွှန်း | |
|---|---|
| (အဝါရောင်) | စီမံကိန်းတည်နေရာ |
| (အစိမ်းရောင်) | သာပေါင်းစက္ကူစက်ရုံကြီး |


## သထင်းစာစက္ကူစက်ရုံ(သာပေါင်း)၏ မြေဧရိယာ ၁၄၀.၇၉ ဧက အသုံးပြုမှုပြ မြေပုံ





| | | |
|---|---|---|
| | ဝန်ထမ်းအိမ်ရာမြေဧရိယာ | ၈၄.၄၃ ဧက |
| | စက်မှုအဆောက်အဦမြေဧရိယာ | ၄၃.၈၂ ဧက |
| | စက်ရုံမီးတားလမ်းမြေဧရိယာ | ၁.၅၀ ဧက |
| | စွန့်ပစ်ရေစွန့်ထုတ်သည့်ချောင်း (လယ်တီချောင်း) ဧရိယာ | ၄.၀၀ ဧက |
| | စက်မှုကုန်ကြမ်းစိုက်ပျိုးပြီးမြေ ဧရိယာ | ၃.၀၀ ဧက |
| | စက်မှုကုန်ကြမ်းစိုက်ပျိုးရန် လျာထားမြေ ဧရိယာ | ၄.၀၄ ဧက |
| | စုစုပေါင်းမြေဧရိယာ | ၁၄၀.၇၉ ဧက |

၇

# ကုန်ကြမ်းပြင်ဆင်ပုံအဆင့်ဆင့်





# ပျော့ဖတ်ထုတ်လုပ်ပုံအဆင့်ဆင့်




၃၁

## သတင်းစာစက္ကူထုတ်လုပ်ပုံ



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ လေ့တက်ကြီးကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးရှိ မြေဧရိယာ (၁၄၀.၇၉) ဧကတွင် သတင်းစာစက္ကူထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၅၀၆(နပဖ)၂၀၂၂/၅၆၉/၁၀၁၆ ဖြင့် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှတစ်ဆင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ဆောင်ရွက်မည့်နည်းစဉ်မှာ နိုင်ငံပိုင်စက်ရုံဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို (၆-၈-၂၀၀၈) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး (၃-၅-၂၀၁၇) မှ (၅-၅-၂၀၁၇) ရက်နေ့အထိ စမ်းသပ်လည်ပတ်ခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့မရရှိတော့သဖြင့် စီမံကိန်းအား (၁၃-၅-၂၀၁၇) ရက်နေ့တွင် ရပ်နားထားကြောင်း၊ ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် တရားဝင်ရယူထားသော သစ်ပွများကို ရယူအသုံးပြုကြောင်း၊ သစ်ပွကုန်ကြမ်းများကို သာပေါင်းမြို့နယ်နှင့် ပုသိမ်မြို့နယ်ရှိ သစ်တောကြိုးဝိုင်းများအတွင်း ၄ားရမ်းစိုက်ပျိုးထားသော စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းများမှလည်းကောင်း၊ စက်ရုံပိုင်သစ်တောစိုက်ခင်းများ စိုက်ပျိုး၍လည်းကောင်း ထုတ်ယူသုံးစွဲကြောင်း၊ အရောင်ချွတ်ပြီးသား ဝါးဖျော့ဖတ်နှင့် အခြားဓာတုပစ္စည်းများကို ပေါင်းစပ်အသုံးပြုကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ပျော့ဖတ်ထုတ်လုပ်ခြင်းနှင့် သတင်းစာစက္ကူထုတ်လုပ်ရေးဌာနခွဲအနေဖြင့် ပျော့ဖတ်ပြုပြင်ခြင်း၊ စက္ကူပြုလုပ်ခြင်း၊ စက္ကူလိပ်ပြုလုပ်ခြင်းနှင့် ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်အား ရှင်းလင်းဖော်ပြထားပြီး ထုတ်လုပ်အနေဖြင့် တစ်ရက်လျှင် (၄၈) တန်၊ တစ်လလျှင် ကုန်ချောထွက်ရှိမှုပမာဏ (၁၄၄၀) တန်နှင့် တစ်နှစ်လျှင် ကုန်ချောထွက်ရှိမှု ပမာဏ (၁၄၄၀၀) တန်ခန့် ထွက်ရှိကြောင်း၊ ကုန်ချောပစ္စည်းများကို နိုင်ငံပိုင်သတင်းစာများတွင် တင်ဒါခေါ်ယူ၍ ဖြန့်ဖြူးရောင်းချ

ကြောင်း၊ ဝန်ထမ်းအင်အားအနေဖြင့် (၂၈၀) ဦးခန့်ဖြင့် လုပ်ငန်းအားဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းစက်ရုံအတွက် အသုံးပြုသော ဘွိုင်လာ၏ လောင်စာမှာ သဘာဝဓာတ်ငွေ့ဖြစ်သဖြင့် အမှုန်အမွှားထွက်ရှိမှု နည်းပါးပြီး မီးခိုးခေါင်းတိုင်အမြင့်အား (၃၅) မီတာထားရှိရန်၊

(၂) စက်ရုံအတွင်းရှိ လမ်းများပေါ်တွင် ရေဖြန်းခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကြမ်း၊ ကုန်ချော သယ်ယူပို့ဆောင်သော ယာဉ်များကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် ထွက်ရှိလာသော ဓာတ်ငွေ့များနှင့် အခိုးအငွေ့များကို လျှော့ပါးစေရေး ဆောင်ရွက်သွားရန်၊

(၃) မီးခိုးခေါင်းတိုင်မှ ထုတ်လွှတ်သော အခိုးအငွေ့နှင့် စက်ရုံအတွင်း Indoor Air Quality ကိုစောင့်ကြပ်ကြည့်ရှုသွားရန်နှင့် ပတ်ဝန်းကျင်လေထုအရည်အသွေးအား တစ်နှစ်လျှင် နှစ်ကြိမ်စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၄) လေထုအရည်အသွေး ညစ်ညမ်းမှုလျော့နည်းစေရန် စက်ရုံ၏ ကျန်ရှိနေသော မြေနေရာများတွင် သစ်ပင်များ စိုက်ပျိုးထားရှိရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံမှုများသောနေရာတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် နားအကာအကွယ်ပစ္စည်းများ ထုတ်ပေးထားပြီး အနားယူချိန်များကိုလည်း စနစ်တကျစီစဉ်ပေးရန်၊

(၂) အသုံးပြုသော စက်ပစ္စည်းများအား ကြံ့ခိုင်အောင်ဆောင်ရွက်ခြင်း၊ စက်ကိရိယာအစိတ်အပိုင်းများအသစ် လဲလှယ်တပ်ဆင်ခြင်း၊ မောင်းနှင်လည်ပတ်နေသော စက်ကိရိယာများ၏ လည်ပတ်နှုန်း၊ ရိုက်ခတ်နှုန်း၊ ထုတ်လုပ်မှုနှုန်းတို့ကို ကန့်သတ်ခြင်းနှင့် တုန်ခါသော Mixer စက်များအတွက် ကန့်သတ်ကိရိယာများ၊ အသံဒဏ်ခံ (Shock Absorber) များ တပ်ဆင်အသုံးပြုရန်၊

(၃) ဆူညံသည့် နေရာများတွင် ဝန်ထမ်းများအား တာဝန်ခွဲဝေချထားပေးခြင်းတို့ ဆောင်ရွက်သွားရန်၊

(၄) လုပ်ငန်းခွင်တွင် ဆောင်ရွက်နေသော ဝန်ထမ်းများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးအကဲဖြတ်ခြင်းအား ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် နှစ်စဉ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေများအား တိုင်းတာစစ်ဆေးခြင်းကို ခံယူ၍ အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်စို/ခြောက်များကို ခွဲခြားစွန့်ပစ်ရန် သတ်မှတ်ထားသော အမှိုက်ပုံးများကို အသုံးပြုစေခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) အမှိုက်အမျိုးအစားများကို ခွဲခြား၍ စနစ်တကျ စွန့်ပစ်ခြင်းနှင့် ကတ်ထူစက္ကူများကို ပြန်လည်အသုံးချနိုင်ရန် ရောင်းချခြင်းတို့ ဆောင်ရွက်သွားရန်။

(စ) **စွန့်ထုတ်အရည်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံတွင် အသုံးပြုသော စွန့်ပစ်ရေသန့်စင်သည့်စနစ်မှာ Upper Multiple Anaerobic Reactor and Sequencing Batch Reator (SBR) စနစ်ဖြစ်ပြီး သန့်စင်နိုင်သည့် ပမာဏမှာ 4800 m3/Day အထိ သန့်စင်နိုင်ကြောင်းနှင့် ထုတ်လုပ်မှုနည်းစဉ်မှ ထွက်ရှိလာသော စွန့်ပစ်ရေများကို စက်ရုံမှ စွန့်ပစ်ရေသန့်စင်ရေးဌာနသို့ ပို့လွှတ်သန့်စင်ရန်၊

(၂) ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်ရေများမှာ ပြင်ပသို့ တိုက်ရိုက်မစွန့်ဘဲ Effluent Treatment Plant ထားရှိပြီး စနစ်တကျ သန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၃) သန့်စင်ပြီး စွန့်ပစ်ရေအရည်အသွေးများ၏ pH, BOD, COD, TN, TP, TSS တို့ကို (၆) လလျှင် တစ်ကြိမ် တိုင်းတာစောင့်ကြပ်ကြည့်ရှုသွားရန်၊

(၄) စွန့်ပစ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကို စက်ရုံ၏ လုပ်ငန်းလည်ပတ်စဉ် ကာလတစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှုသွားရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ ပစ္စည်းများအား ကိုင်တွယ်နည်း၊ သုံးစွဲနည်း၊ သယ်ယူပို့ဆောင်နည်း၊ သိုလှောင်နည်း၊ စွန့်ပစ်နည်းစသည့် အစီအစဉ်များကို ရေးဆွဲထားရန်၊

(၂) အလင်းရောင်ရရှိမှုနှင့်ပတ်သက်၍ Reflector များ တပ်ဆင်ခြင်း၊ ဆူညံသံနှင့်ပတ်သက်၍ ဝန်ထမ်းများအား တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများ ဖြစ်သော နားပိတ်၊ နားစို့၊ နားအကာ ပစ္စည်းများ ထားရှိရန်၊

(၃) ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရန်။

(ဇ) **အရေးပေါ်အခြေအနေ တုန့်ပြန်ရေးအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲထားပြီး အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များ လေ့ကျင့်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးခြင်း၊ အရေးပေါ်ထွက်ပေါက်များထားရှိခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) လုပ်ငန်းခွင်ထိခိုက်မှုသတင်းများအား အချိန်နှင့်အမျှ ထုတ်ပြန်ပေးခြင်းနှင့် သတိပေးနိူးဆော်ပေးခြင်းတို့ ဆောင်ရွက်ပေးရန်၊

(၃) တောမီးအန္တရာယ်ဖြစ်ပွားပါက တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများကိုလည်း ဆောင်ရွက်ရမည့် မီးဘေးအန္တရာယ် ကာကွယ်ပြင်ဆင်ခြင်း အစီအစဉ်များကို သင်ကြားပြသပေးခြင်းတို့ ဆောင်ရွက်သွားရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) လေအရည်အသွေးအား စက်ပစ္စည်းများလည်ပတ်သည့်နေရာတွင် ($PM_{10}$, $PM_{2.5}$, VOC, Odor) နှင့် စက်ရုံရေိယာအတွင်းတွင် ($PM_{10}$, $PM_{2.5}$, $CO_2$, $SO_2$, NO, $NO_2$ and $O_3$) တို့အား (၁) နှစ်လျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန် နှင့် ရန်ပုံငွေကျပ် (၁၅) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၂) ဆူညံသံအား စက်ပစ္စည်းများ လည်ပတ်သည့်နေရာနှင့် စက်ရုံရေိယာအတွင်း တို့တွင် (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန် နှင့် ရန်ပုံငွေကျပ် (၄) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၃) စွန့်ပစ်ရေအား စောင့်ကြည့်မည့်နေရာ စွန့်ပစ်ရေဆိုးသန့်စင်ကန်ရှိ ရေဆိုး အဝင်နေရာနှင့် စွန့်ပစ်ရေများ ပြင်ပသို့ စတင်စွန့်ထုတ်သည့်နေရာတို့တွင် (pH, BOD, COD, TN, TP, TSS, Oil and Grease) တို့အား (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရန်နှင့် Water Quality Monitoring အတွက် ရန်ပုံငွေ ကျပ် (၅) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၄) ရေအရည်အသွေးနှင့် ပတ်သက်၍ သောက်ရေသန့်စက်ရုံနေရာနှင့် နံနံပင် ကုန်းကျေးရွာတို့တွင် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၅) စွန့်ပစ်ပစ္စည်းများအား လုပ်ငန်းရေိယာတွင် အမှိုက်သိမ်းခြင်း၊ သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများအား ပြန်လည် ရောင်းချခြင်းတို့ကို နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေး ခြင်းများ ဆောင်ရွက်သွားရန်နှင့် ရန်ပုံငွေ ကျပ် (၁) သိန်းလျာထားဆောင်ရွက် သွားရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်အတွက် လုပ်ငန်းခွင် ကာကွယ်ရေးပစ္စည်းအမျိုးအစားနှင့် အရေအတွက်၊ ကျန်းမာရေး အထောက်အပံ့၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ သင်တန်းပေးခြင်း၊

ကျန်းမာရေးစောင့်ရှောက်မှုနှင့်အထောက်အပံ့တို့ကို နေ့စဉ်၊လစဉ်ဆောင်ရွက် သွားရန်နှင့် ရန်ပုံငွေ ကျပ် (၅) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၇) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးလောင်လွယ်သော ပစ္စည်းများကို စစ်ဆေးခြင်း၊ ကြိုတင်သင်တန်းပေး လေ့ကျင့်မှုများကို လစဉ် ဆောင်ရွက်ပြီး စောင့်ကြပ်ကြည့်ရှုသွားရန်နှင့် ရန်ပုံငွေ (၁၅၀,၀၀၀) ကျပ် လျာထားဆောင်ရွက်သွားရန်။

(ည) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ်(၉) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၂) ရေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ်(၆) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၃) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၂) သိန်း လျာထား ဆောင်ရွက်သွားရန်၊

(၄) ကျန်းမာရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်အတွက် ရန်ပုံငွေ ကျပ်(၅) သိန်း လျာထားဆောင်ရွက်သွားရန်၊

(၅) လူမှုစီးပွားရေးအခြေအနေများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်(၅) သိန်း လျာထားဆောင်ရွက်သွားရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ

နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ် (National Waste Management Strategy and Master Plan) နှင့်အညီ စီမံကိန်းအဆိုပြုသူ အနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်-

(၁) စက္ကူထုတ်လုပ်သည့် လုပ်ငန်းစဉ်မှ ထွက်ရှိသည့် စွန့်ပစ် Sludge များ၊ ကော့စတစ်ကုန်ကြမ်းပုံးခွံများ၊ သစ်/ဝါးဖြတ်စ စွန့်ပစ်အစိတ်အပိုင်းများမှ အစိုင်အခဲစွန့်ပစ်ပစ္စည်းများမှ ပတ်ဝန်းကျင်နှင့် ဒေသခံများသို့ အနံ့ဆိုး သက်ရောက်မှုမရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၂) ဝါးများကို ဝါးဖြတ်စဌာနစိတ်တွင် Conveyor ပေါ်မှတစ်ဆင့် Bamboo Washer တွင် ဆေးကြောခြင်းမှ စွန့်ပစ်ရေ၊ ဇကာရေဆေးဌာနမှ ထွက်ရှိလာသော စွန့်ပစ်ရေ၊ ပျော့ဖတ်ချက်လုပ်ငန်းခြင်းဌာနမှ ပျော့ဖတ်များ ရေဆေးခြင်းမှ စွန့်ပစ်ရေ၊ အရောင်ချွတ်ခြင်းမှ ထွက်ရှိသော စွန့်ပစ်ရေဆိုးစသည့်တို့ကို နံနံပင်ကုန်းချောင်းမှတစ်ဆင့် ဧဝန်မြစ်အတွင်း စွန့်ပစ်ရာတွင် NEQEG အပိုဒ် ၂.၃.၃.၃ ပါ စွန့်ထုတ်ရည်သတ်မှတ်ချက်အတိုင်း တိုင်းတာစောင့်ကြည့်ပြီးမှ စွန့်ပစ်ရန်၊

(၃) စီမံကိန်းလုပ်ငန်းစဉ်၏ အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် နေလှန်းဆား နှင့် ထုံးကျောက်များ စုပုံထားရှိသည့်နေရာမှတစ်ဆင့် မြေထု/ရေထု အရည်အသွေး ညစ်ညမ်းမှုမရှိစေရေး စနစ်တကျ စီမံထားရှိရန်၊

(၄) ဓာတုကုန်ကြမ်းပစ္စည်းများ (ဥပမာ- ကောစတစ်ဆိုဒါ၊ ကလိုရင်းစသည်) သိုလှောင်ခြင်း၊ အသုံးပြုခြင်းမှ ယိုဖိတ်မှုနှင့် ဖိတ်စင်မှုများ၊ ကုန်ကြမ်း သစ်ခေါက်နှင့် ဝါးများကို ဆေးကြောသန့်စင်ရာမှာ Tannins, Phenols, Resins, and Fatty Acids ကဲ့သို့ Chemical များ၊ လုပ်ငန်းစဉ်မှ ထွက်ရှိသည့် Sludge Fiber များစသည့် ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများကို ပတ်ဝန်းကျင် ရေထု၊ မြေထု ညစ်ညမ်းမှု မရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနက စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်း ပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၇) စွန့်ပစ်အစိုင်အခဲများ သယ်ယူအသုံးပြုမှု၊ သိုလှောင်မှု၊ စွန့်ပစ်မှုများကြောင့် လုပ်ငန်းခွင်နှင့် အနီးဝန်းကျင်ဒေသခံများအပေါ် သက်ရောက်မှု လျော့နည်းစေရေး စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၉) လုပ်ငန်းတွင် အသုံးပြုသော ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ပတ်သက်၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဥပဒေ (၂၀၁၃) အပါအဝင် သက်ဆိုင်ရာ ဌာန/လုပ်ငန်းများ၏ လမ်းညွှန်ချက်၊ စည်းကမ်းသတ်မှတ်ချက်များအတိုင်း သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) ရေအသုံးပြုမှု/ရေအရင်းအမြစ် ရယူသုံးစွဲမှုနှင့်ပတ်သက်၍ စည်ပင်သာယာရေးဦးစီး ဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ စည်းကမ်းချက်၊ အမိန့်/ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများ နှင့် ပတ်သက်၍ ဆက်စပ်ဌာန/လုပ်ငန်းများ၏ ညွှန်ကြားချက်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန်။

(င) စီမံကိန်းသည် Water Intensive Project ဖြစ်သည့်အတွက် ရေအရင်းအမြစ်ရယူ သုံးစွဲမှုနှင့် ပတ်သက်၍ ဒေသခံများ အသုံးပြုသည့် မြစ်၊ ချောင်း၊ မြေအောက်ရေများမှ ရေအရင်းအမြစ် (Water Resources) လျော့နည်းဆုံးရှုံးမှု မဖြစ်စေရေး အလေးထား စီမံဆောင်ရွက်ရန်။

(စ) Domestic Wastewater ကို စနစ်တကျ သန့်စင်၍ Guideline အတွင်း ရှိစေပြီး ဒေသခံများ အသုံးပြုနေသည့် မြစ်၊ ချောင်းများအပေါ် သက်ရောက်မှု မရှိစေရေး စီမံ ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန်။

(ဆ) စီမံကိန်းလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ်ရေဆိုးများကို ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး Effluent Treatment Plant တွင် စနစ်တကျ သန့်စင်ပြီး၍ NEQEG ပါ

အပိုဒ် ၂.၃.၃.၃ ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ပြဋ္ဌာန်း သတ်မှတ်ချက်အတိုင်း အလေးထားလိုက်နာဆောင်ရွက်ပြီးမှ စွန့်ပစ်ရန်။

(ဓ) စီမံကိန်းအလုပ်သမားများအတွက် လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက် သွားရန်နှင့် Indoor Air Quality Monitoring Device တပ်ဆင်ဆောင်ရွက်သွားရန်။

(ဈ) Air Condition နှင့် အခြား Gas အသုံးပြုသည့် ပစ္စည်းများအတွက် Gas အသုံးပြုရာ တွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုနည်းသော Gas အမျိုးအစားအား အသုံးပြုရန်။

(ည) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေ ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သော ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေသော၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျော့ကျ စေသော ထုတ်လုပ်မှု နည်းပညာများ၊ ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့် ကောင်းများ (Good Manufacturing Practices–GMP) ကို မြှင့်တင်ဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင် လျှပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်။

(ဋ) ကုန်ကြမ်းပစ္စည်းများ ရယူမှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် ပြည်တွင်းပြဋ္ဌာန်းဥပဒေများနှင့် နိုင်ငံတကာသဘောတူညီချက်များနှင့်အညီ လိုက်နာ တင်သွင်းရန်နှင့် လုပ်ငန်းများအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှု တို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်းသတ်မှတ်ချက် များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာ ဌာနစည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဌ) စီမံကိန်း၏ ထုတ်လုပ်မှုနည်းစဉ်၊ နည်းပညာ၊(Design and Technology)၊ ကုန်ကြမ်း သုံးစွဲမှုနှင့် ပတ်သက်၍ ပြောင်းလဲမှုရှိပါက အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း မှတစ်ဆင့်တင်ပြရန်။

(ဍ) ဓာတုကုန်ကြီးပစ္စည်းများအပါအဝင် ကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောပစ္စည်းများအား သိုလှောင်စဉ်အတွင်း မီးဘေးအန္တရာယ် ကင်းရှင်းစေရန် စနစ်တကျ စီမံဆောင်ရွက် ရန်။

(ခ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား

ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဏ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(တ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

(ထ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခုထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဒ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု

ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဓ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(န) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ပ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့

၃၁

စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့်ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၁၁

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ

၁၂

ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက် ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါကထည့်ဝင်ရန်၊

21/1

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---